# စပုတ်ခိန်းအများပြည်သူပိုင်ကျောင်း(SPS)

## ကျွန်ုပ်တို့၏စာသင်ခန်းများတွင်နည်းပညာကိုအသုံးပြုခြင်း

စပုတ်ခိန်းအများပြည်သူပိုင်ကျောင်း (SPS) ကျောင်းသားများအသုံးပြုရန်အတွက်နည်းပညာအရင်းမြစ်အမျိုးမျိုးကိုထောက်ပံ့ပေးသည်။ဤအရင်းမြစ်များကိုပညာရေးဆိုင်ရာရည်ရွယ်ချက်အတွက်သာအသုံးပြုရန်ဖြစ်သည်။ကျောင်းခရိုင်မှနေ၍ကျောင်းသားများအားအင်တာနက်လုံခြုံရေးနှင့်ဒစ်ဂျစ်တယ်ဆိုင်ရာစည်းကမ်းများကိုသင်ကြားပေးသည်။မိဘများသည်၎င်းတို့၏ကျောင်းသားများအားအွန်လိုင်းကိုအသုံးမပြုရန်အတွက်ရွေးချယ်ခွင့်ရှိသည်။

ကျောင်းသားများသည်ခရိုင်၏နည်းပညာများကိုအသုံးပြုရာတွင်သီးသန့်ရပ်တည်မှုအဖြစ်မျှော်လင့်ချက်ထား၍အသုံးမပြုသင့်ပေ။ကျောင်းသားများသည်အောက်တွင်ဖော်ပြထားသောစည်းမျည်းစည်းကမ်းများနှင့်ဆရာများ၊ကျောင်းအုပ်ချုပ်ရေးမှူးများချမှတ်သောစည်းကမ်းများကိုလိုက်နာရန်နှင့်ကောင်းမွန်သောအမူအကျင့်ရှိသောနိုင်ငံသားကောင်းကျင့်ဝတ်ဆိုင်ရာအပြုအမူများကိုပြုလုပ်ရန်မျှော်လင့်ပါသည်။ကျောင်းခရိုင်၏နည်းပညာအရင်းအမြစ်များကိုအသုံးပြုခြင်းသည်ကျောင်းခရိုင်နှင့်ပတ်သက်သောအချက်အလက်တစ်စိတ်တပိုင်းဖြစ်စေအားလုံးကိုဖြစ်စေသူတပါးအလွယ်တကူရယူနိုင်သောအခွင့်လမ်းရှိသည်။

### ဤအင်တာနက်ပါအဝင်နည်းပညာဆိုင်ရာကိရိယာများကိုလက်ခံနိုင်ဖွယ်အသုံးပြုခြင်းနှင့်ကျောင်းသားများ၏တာဝန်များ

1. ကျွန်ုပ်သည်ကျွန်ုပ်၏ကျောင်းခရိုင်အကောင့်နှင့်ပတ်သက်၍တာဝန်ရှိသည်။ကျွန်ုပ်သည်ကျွန်ုပ်၏လျှို့ဝှက်နံပါတ်များကိုလျှို့ဝှက်ထားပြီးမည်သူ့ကိုမျှမဝေမျှသင့်ကြောင်းနားလည်သည်။ကျွန်ုပ်၏အကောင့်များမှတဆင့်လုပ်ဆောင်သောလုပ်ဆောင်မှုများအားလုံးအပေါ်ကျွန်ုပ်တွင်တာဝန်ရှိသည်။အခြားသူများအားကျွန်ုပ်၏အကောင့်အားအသုံးပြုခွင့်ပေးခြင်းသို့မဟုတ်အခြားသူ၏အကောင့်အားအသုံးပြုရန်ကြိုးစားပါကကျွန်ုပ်သည်ဥပဒေကိုချိုးဖောက်ရာရောက်ပါသည်။တခြားသူများကျွန်ုပ်၏အကောင့်ကိုအသုံးပြုခြင်းမပြုနိုင်ရန်အတွက်ကျွန်ုပ်၏လုပ်ငန်းတာဝန်များပြီးဆုံးပါကကွန်ပြူတာအားပိတ်ရန်အရေးကြီးကြောင်းကျွန်ုပ်နားလည်ပါသည်။

2. ကျွန်ုပ်အသုံးပြုသောစကားများအတွက်ကျွန်ုပ်တွင်တာဝန်ရှိပါသည်။ကျွန်ုပ်သည်အီးမေးလ်သော်၎င်းအွန်လိုင်းပေါ်တင်ခြင်း၊တခြားနည်းပညာအားဖြင့်ဆက်သွယ်ခြင်းများတွင်သင့်လျော်သောစကားအသုံးအနှုန်းများကိုသာအသုံးပြုပါမည်။ကျောင်းအုပ်ချုပ်ရေးမှူးများ၏သတ်မှတ်ထားချက်များအတိုင်းကျွန်ုပ်သည်ညစ်ညမ်းသောသို့မဟုတ်အခြားမသင့်လျော်သောမည်သည့်စကားများမျှမသုံးပါ။

3. ကျွန်ုပ်သည်အခြားသူများအားမည်သို့ဆက်ဆံခြင်းအပေါ်ကျွန်ုပ်တွင်တာဝန်ရှိသည်။ကျွန်ုပ်သည်အထိပယ်ရှိသောစကားများကိုအီးမေးလ်တွင်သော်၎င်းအခြားဆက်သွယ်ခြင်းတွင်သော်၎င်းအသုံးပြုပါမည်။ကျွန်ုပ်သည်အခြားသူများအားအမုန်းတရားများ၊ခြိမ်းခြောက်မှုများဖြစ်စေသောအီးမေးလ်ခွဲခြားဆက်ဆံခြင်း၊အနိုင်ကျင့်ခြင်း၊ခြိမ်းခြောက်ခြင်းနှင့်တခြားမသင့်လျော်သောအပြုအမူများကိုကျောင်းတွင်ဖြစ်စေကျောင်းပြင်ပတွင်ဖြစ်စေမပြုလုပ်ပါ။

4. ကျွန်ုပ်သည်SPS၏ကွန်ယက်များအသုံးပြုခြင်းအပေါ်တွင်တာဝန်ရှိပါသည်။နည်းပညာအရင်းမြစ်များကိုတာဝန်သိစွာဖြင့်အသုံးပြုပါမည်။ကျွန်ုပ်သည်အမုန်းတရားအခြေခံသော၊အန္တရာယ်ရှိသော၊စော်ကားသော၊လိင်ပိုင်းဆိုင်ရာအကြောင်းအရာများအားရှာဖွေခြင်း၊သိမ်းထားခြင်း၊ကြည့်ရှုခြင်းများကိုမပြုလုပ်ပါ။

5. ကျွန်ုပ်သည်အွန်လိုင်းဆိုဒ်အားလုံးတွင်ကျွန်ုပ်၏အပြုအမူအတွက်တာဝန်ရှိသည်။ကျွန်ုသည်အွန်လိုင်းတွင်ကျွန်ုပ်၏သူငယ်ချင်းများ၊ဆရာများကျောင်းအုပ်များနှင့်ဆက်ဆံရာတွင်ဆိုးရွားသောအကျိုးသက်ရောက်မှုများမရှိစေရန်နားလည်ပါသည်။

6. ကျွန်ုပ်သည်အွန်လိုင်းအသုံးပြုစဉ်တွင်ရိုးသားမှုရှိရန်တာဝန်ရှိပါသည်။အခြားသူတစ်ဦးအဖြစ်လိမ်ညာဟန်ဆောင်ခြင်းကိုတားမြစ်ထားသည်ကိုကျွန်ုပ်နားလည်ပါသည်။ဤအရာများတွင်အီးမေးလ်ပို့ခြင်း၊အကောင့်ဖွင့်ခြင်း၊မက်ဆေ့ပို့ခြင်းသို့မဟုတ်အွန်လိုင်းတွင်အခြားသူ၏အမည်ဖြင့်(မက်ဆေ့၊ပုံများ၊အသံဖိုင်၊ဗီဒီယို)များပါဝင်ပါသည်။

7. ကျွန်ုပ်သည်Spokaneပြည်သူပိုင်ကျောင်းများ၏ကွန်ယက်လုံခြုံရေးကိုကာကွယ်ရန်တာဝန်ရှိသည်။ကျွန်ုပ်သည်ကျောင်းကွန်ပြူတာများတွင်ဖိုင်များမျှဝေခြင်း၊တရားမဝင်ဆော့ဝဲလ်များထည့်သွင်းခြင်း၊အခမဲ့ဆော့ဝဲလ်များsharewareများ၊VPNsများထည့်သွင်းခြင်းဖြင့်လုံခြုံရေးချိန်ညှိချက်များသို့မဟုတ်အင်တာနက်စစ်ထုတ်ချက်များကိုဖြတ်ကျော်ရန်မပြုပါ။

8. ကျွန်ုပ်သည်ကျောင်း၏ပိုင်ဆိုင်မှုများကိုကာကွယ်ရန်တာဝန်ရှိပါသည်။ဖျက်ဆီးခြင်းကိုတားမြစ်ထားသည်ကိုလည်းနားလည်ပါသည်။ဤအရာများတွင်ကွန်ပြူတာသို့မဟုတ်၊ပရိုဂရမ်များ၊နည်းပညာအရင်းအမြစ်များအားဖျက်ဆီးခြင်းများပါဝင်ပါသည်။ကျောင်းသို့ယူဆောင်လာသည့်ကျွန်ုပ်၏ကိုယ်ပိုင်အီလက်ထရောနစ်ပစ္စည်းများကိုဆရာများ၊ကျောင်းအုပ်ချုပ်ရေးမှူးများ၏ခွင့်ပြုချက်ရမှသာယူဆောင်ခွင့်ရှိသည်၊ဤအရာများတွင်(မှတ်ဉာဏ် သိုလှောင်ရေးကိရိယာများ၊ USB drives များပါဝင်ပါသည်။

9. ကျွန်ုပ်သည်အွန်လိုင်းမှသူတစ်ပါး၏ပိုင်ဆိုင်မှုများကိုလေးစားရန်တာဝန်ရှိသည်။မူပိုင်ခွင့်ဥပဒေများကိုကျွန်ုပ်လိုက်နာပါမည်။ကျွန်ုပ်သည်သူတစ်ပါး၏အလုပ်များကိုခွင့်ပြုချက်မရှိဘဲကူးယူခြင်းများကိုပြုလုပ်မည်မဟုတ်ပါ။တရားမဝင်အချက်အလက်များကိုပေါင်းလုပ်ပြုလုပ်ခြင်း၊ကူးယူခြင်းဤအရာများတွင်တေးသီချင်းများ၊ဗီဒီယိုများပါဝင်ပါသည်။

10. ကျွန်ုပ်သည်အွန်လိုင်းတွင်မည်သည့်အရာများကိုထုတ်ပြန်သည့်အခါတိုင်းကျောင်း၏စည်းမျဉ်းစည်းကမ်းကိုလိုက်နာမည်ဟုတာဝန်ရှိပါသည်။ကျောင်းအလုပ်များကိုအွန်လိုင်းတွင်ထုတ်ပြန်သည့်အခါတိုင်းကျောင်းခရိုင်သို့မဟုတ်ဆရာ၊ဆရာများ၏ချမှတ်ထားသောအတိုင်းလိုက်နာပါမည်။(ဥပမာဝက်ဆိုက်၊ဘလော့၊ဝီကီ၊ဆွေးနွေးမှုဘုတ်အဖွဲ့၊ဗီဒီယို)။အွန်လိုင်းတွင်ကျွန်ုပ်၏ကိုယ်ပိုင်အကြောင်းအရာများဥပမာ–အမည်၊လိပ်စာ၊ဖုန်းနံပါတ်သို့မဟုတ်ကျောင်းအမည်စသည်ကိုတင်ပြခြင်းသည်လုံခြုံမှုမရှိကြောင်းကျွန်ုပ်နားလည်ပါသည်။တခြားကျောင်းသားများ၏ပုံများ၊သို့မဟုတ်သူတို့၏အမည်များကိုဝက်ဆိုက်များ၊လူမှုကွန်ယက်များ၊ဘလော့များ၊ဝီကီ၊ဆွေးနွေးမှုအဖွဲ့များတွင်မိဘအုပ်ထိန်းသူ၊ကျောင်းသား(၁၈နှစ်နှင့်အထက်)၏ခွင့်ပြုချက်မရှိဘဲမတင်ပါ။

11. ကျွန်ုပ်သည်အွန်လိုင်းစာသင်ခန်းတွင်ရှိနေစဉ်ကျောင်းစည်းကမ်းများကိုလိုက်နာရန်တာဝန်ရှိပါသည်။တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲများတွင်ကျွန်ုပ်နှင့်ကျွန်ုပ်ပတ်ဝန်းကျင်ကိုသူတစ်ပါးမြင်နိုင်ကြောင်းနားလည်၍သင့်လျော်စွာပြုမူနေထိုင်ပါမည်။ကျွန်ုပ်သည်တိုက်ရိုက်တွေ့ဆုံမှုများကိုကျွန်ုပ်၏ဆရာသည်ကျောင်းသင်ခန်းစာများအတွက်ဖိတ်ခေါ်မှသာတက်ရောက်ပါမည်။

### ဤအကြောင်းအရာကိုပိုမိုလေ့လာရန်

ကျောင်းသားများ၏ကိုယ်ပိုင်လုံခြုံမှုနှင့်အွန်လိုင်းလုံခြုံရေးအကြောင်းပိုမိုသိရှိလိုပါကဤနေရာကိုနှိပ်ပါ
https://www.commonsense.org/education/toolkit/family-engagement-resources

Burmese